

ရိုးရိုး
လှိုင်း
အမှတ်တရတွေ
အများကြီးပေးခဲ့တဲ့ လူတစ်ယောက်ကို
မေ့ပစ်ဖို့... အချိန်းစက်ခဲ့တာ။ ။

# Introduction

“နင်က ငါမြင်ဖူးသမျှတွေထဲမှာ အညံ့ဆုံးမိန်းမ”

“အောင်မယ်... နင်က...?”

“ဖျန်း...”

“ဟာ... နင်က ငါ့ပါးကိုချတယ်...ဒါဆိုလည်း ကဲဟာ...”

“ဖျန်း...”

“ကဲ... ငါ့ပါး ကိုရိုက်လိုက်ရလို့ နင်ကျေနပ်သွားပြီမို့လား။ နင်သိပ်ကို တော်ဝင်စံသူငယ်ချင်းပီသပါပေတယ်”

သူမ သူ့ရှေ့က ပြေးထွက်သွားသည် ။

အံ့သြတကြီးနဲ့ ဝိုင်းကြည့်နေတဲ့ သူငယ်ချင်းတွေရဲ့ အကြည့်တွေ သူ့ဆီစုပြုံရောက်လာသည် ။

သူ ဘာကိုမှ ဆက်ပြီး မရှင်းပြတတ်တော့။

*

It’s so hard to

forget someone

who give you

so much to remember.

အမှတ်တရတွေအများကြီးပေးခဲ့တဲ့

လူတစ်ယောက်ကို

မေ့ပစ်ဖို့ အရမ်းခက်ခဲတာ။

*

# အခန်း (၁)

ဦးဒ ဟိုသွားလာနေကြတဲ့ ဘတ်စ်ကားတွေ၊ အိမ်စီးကားတွေ၊ ရုံးကားတွေရဲ့ လှုပ်ရှားမှုတစ်ခုကိုမှ စိတ်မဝင်စားပဲ ကားမှတ်တိုင်မှာ အေးအေးလူလူပဲ မတ်တပ်ရပ်ပြီး စီးရမယ့်ကားနံပါတ်ကို စောင့်နေမိသည် ။

ရန်ကုန်မြို့မှာ ကျောင်းတက်ရင်း သုံးနှစ်တာကာလအချိန်ကိုဖြုန်းခဲ့ပြီး အခု အိမ်ပြန်ရတော့မည်။

လက်က နာရီကိုအေးဆေးငုံ့ကြည့်လိုက်သည် ။ သူ ဒီနေ့နယ်ပြန်ဖို့ ကားဂိတ်ကိုသွားရမှာ ဖြစ်သည် ။

အိမ်ကစ,ထွက်ကတည်းက တော်တော်လေးစောနေတာကြောင့် နောက်ကျမှာ နည်းနည်းလေးမှ မစိုးရိမ်။

ထိုစဉ်...

ကားလမ်းတစ်ဖက်၊ ပလိပ်ဖောင်းပေါ်က ကားမှတ်တိုင်ဆီသို့ မိန်းကလေးတစ်ယောက် ကသောကမျော ပြေးလာတာကို တွေ့လိုက်ရသည် ။

သူ့မျက်လုံးများ ပြူးကျယ်သွားသည် ။ ဆံပင်မွေးများ လည်း ထောင်ချင်ထောင်သွားနိုင်သည် ။

ကောင်မလေးကတော့ တခြားလူများ ထက် နည်းနည်းလေးမှ မထူးခြားပါ။ ဆံပင်အမဲရောင်က အစပေါ့။

ဦးထုပ်အဝိုင်းကို ခပ်ငိုက်ငိုက်ဆောင်းထားတဲ့ အောက်က မျက်နှာကို

သိပ်မမြင်ရပေမဲ့ လှုပ်ရှားသွားလာပုံကိုငေးကြည့်ရင်း… သူမများ ဖြစ်လေမလား။

အတွေးနဲ့ အတူ ငြိမ်သက်အိပ်ပျော်နေပြီဖြစ်တဲ့ ရင်ခုန်သံတို့ အသစ်တစ်ဖန်။

သူမနဲ့ သူက ဘယ်လိုပတ်သတ်ခဲ့ကြဖူးလို့ လဲ။

ချစ်သူလို့ ပဲပြောရမလား၊ သူငယ်ချင်းလို့ ပဲပြောရမလား။

ဘယ်လိုခေါင်းစဉ်တပ်ရမလဲ စဉ်းစားနေချိန်မှာ ပဲ မှတ်တိုင်ဆီသို့ လိုင်းကားကြီး ဝေါခနဲထိုးစိုက်လာတော့ သူမတက်ကာ ထွက်သွားပေပြီ။

လူတူမရှား၊ နာမည်တူမရှားတဲ့ ။

လူမှားတာလည်း ဖြစ်ချင်ဖြစ်နိုင်သည် ။ ထားလိုက်ပါတော့။

ခုနကအတွေးကို သူဆက်တွေးကြည့်မိသည် ။ ခုနက မေးခွန်းကို သူဆက်ဖြေဖို့ အဖြေထုတ်ကြည့်မိသည် ။

အင်း… သူနဲ့ သူမက သူငယ်ချင်း (သို့) ချစ်သူ စတဲ့ ဘယ်လိုခေါင်းစဉ်အောက်ကိုမှ သေသေချာချာမရောက်ဖြစ်ခဲ့ကြပါဘူး။

ထိုစဉ်မှာ ပဲ အဝေးပြေးဂိတ်ဆီသို့ သူ့ကိုသယ်ဆောင်သွားမယ့် လိုင်းကားရှည်ကြီး မှတ်တိုင်သို့ဝေါခနဲထိုးစိုက်ကာ ပြန်လည်မောင်းထွက်သွားသည် ။

သူ အဲဒီကားပေါ်တက်လိုက်ဖို့ မေ့လျော့သွားပြီဖြစ်သည် ။

*

နောက်ထပ်စိုက်လာတဲ့ လိုင်းကားတစ်စီးနဲ့ သူ အဝေးပြေးဂိတ်သို့ ရောက်ခဲ့သည် ။

ကိုယ်စီကျောင်းပြီးကြပြီဖြစ်လို့ ဇာတိမြေကိုပြန်လာမယ့် သူငယ်ချင်းတွေနဲ့ တွေ့ဖို့ အရေး ရင်ခုန်မိသည် ။ လွမ်းမောမောလည်း ဖြစ်မိသည် ။

"ခုံနံပါတ် ၂၁"

"ကျွန်တော်..."

"အေး... ဒါဆို တက်"

သူ ကားပေါ်သို့တက်၊ ဝယ်ထားတဲ့ လက်မှတ်နေရာကိုတွေ့တော့ ပါလာတဲ့ ခရီးဆောင်အိပ် ခပ်သေးသေးကို ခေါင်းပေါ်ရှိ တန်းဆီသို့ တင်ပြီးတာနဲ့ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည် ။

မကြာခင် ဒီကားကြီးစတင်မောင်းနှင်တော့မည်။

အဲဒါကြောင့် သူလည်း သူ့ဇာတိမြေ ဟသ်ာတမြို့ကို ပြန်ရောက်တော့မည်ဖြစ်သည် ။

ခေါင်းကို နောက်သို့ ခပ်ပြေပြေမှီချလိုက်သည် ။

ကားကြီးကလည်း စတင်မောင်းနှင်ပြီဖြစ်သည် ။

ကားဘီးတွေက တစ်ရစ်ပြီးတစ်ရစ်၊ တစ်ရစ်ပြီးတစ်ရစ်။

သူ့အတွေးတွေကလည်း အတိတ်ဆီသို့ တစ်နှစ်ပြီးတစ်နှစ်၊ တစ်နှစ်ပြီးတစ်နှစ်။

အထက်တန်းကျောင်းသားဘဝကို ပြန်တွေးကြည့်မိရင် မဖြစ်မနေပါရမယ့် လူတစ်ယောက်ရှိသည် ။

သူ့နာမည် ရုတ။ (ရကောက်သံမထွက်ပါ။ R သံ "ရခိုင်"ကိုထွက်တဲ့ အသံမျိုး။ အင်္ဂလိပ်လိုပေါင်းပြရမယ်ဆိုရင် Ruta လို့ ဖတ်နိုင်သည် ) ရု

တပြီးရင် နောက်တစ်ယောက်က…

"လှိုင်း… လူတိုင်းရင်ထဲ… ရိုက်ခတ်လို့ …"

မဆီမဆိုင်ဖွင့်ချလိုက်တဲ့ ကားထဲက "ခင်မောင်တိုးရဲ့ လှိုင်း" သီချင်းသံကြောင့် ရင်ထဲမှာ လှိုင်းခတ်သွားသည် ။

သီချင်းကို အရမ်းကြိုက်လို့ တော့မဟုတ်။

ဒါပေမဲ့ ပတ်သတ်ရာ၊ ပတ်သတ်ကြောင်းတွေရှိနေတော့…။

"လှိုင်းရယ်…"

*

ရတနဲ့ ကျွန်တော်တို့ လှိုင်းနဲ့ စပြီးဆုံဖြစ်ခဲ့ကြတာက ဆယ်တန်းကျောင်း နှစ်လည်လောက်ကပေ့ါ။

အဲဒီနှစ်တုန်းက မိုးကလည်း သိပ်မရွာဘူး။

ရတတို့ မိသားစုမှာ က ရတက တစ်ဦးတည်းသောသား။ နောက်ပြီး သူတို့ ကချမ်းသာတယ်။

ကျွန်တော်တို့ မိသားစုမှာ ကျတော့ ကျွန်တော့်အောက်မှ ညီလေးတစ်ယောက်ရှိသေးတယ်။

အဖေက (လ.ဝ.က) ရုံးက ဝန်ထမ်း။ အမေက မူလတန်းပြဆရာမ။

မိသားစုဝင်ငွေက သိပ်မတောင့်တင်းပေမဲ့ ဆယ်တန်းကျောင်းသားဖြစ်တဲ့ ကျွန်တော့်ကိုရော၊ ခြောက်တန်းကျောင်းသားဖြစ်တဲ့ ညီလေးကိုရော ကျောင်းထားနိုင်ဖို့ အမေနဲ့ အဖေတို့ က တော်တော်လေး စီစစ်ခဲ့ကြတယ်။

ဝယ်စရာရှိ စိတ်ကြိုက်ဝယ်ချင်တဲ့ ကျွန်တော့်အတွက် မုန့်ဖိုးက မလုံလောက်တော့ မေမေ့ကိုခွင့်တောင်းပြီး ပေါက်ဖော်ကြီး ခေါက်ဆွဲဆိုင်မှ ပန်းကန်ဆေးအလုပ်ကို ဝင်လုပ်ခဲ့တယ်။

အလုပ်ဟူသမျှ ဂုဏ်ရှိစွာဆိုတဲ့ ဆောင်ပုဒ်ကို ကျွန်တော် ငယ်ငယ်လေးကတည်းက ကြိုက်ခဲ့တာ။

ကိုယ်ပိုင်အလုပ်ရှိတော့ ကျောင်းစာရိတ်လည်း ကာမိတယ်။ ကိုယ်သုံးချင်တာလည်း သုံးနိုင်တယ်။

တစ်ရက် ဆိုင်မှာ လူတွေကျတော့ ပန်းကန်တွေဆေးရတာမှ တအားပဲ။

လက်မလည်အောင် ပန်းကန်ဆေးနေရတဲ့ အချိန် ဆိုင်ပိုင်ရှင်ပေါက်ဖော်ကြီးက ကျွန်တော့်ကို ပန်းကန်တွေ ခပ်မြန်မြန်ဆေးဖို့ လာဆော်သြ တယ်လေ။

"သွက်သွက်လုပ်ပါ ဇေကန်ရ။ ဟိုမှာ လူတွေထပ်ရောက် လာပြီ"

စိတ်ထဲ သိပ်မခံချင်ပေမဲ့ ကျွန်တော် ဘာမှ မတုန့်ပြန်ပဲ ပန်းကန်ချည်းဖိဆေးနေခဲ့မိတယ်။

ဖေါက်ဖော်ကြီးက စိတ်ထားပုတ်သလောက် သူ့မိန်းမ ဒေါ်အေးလေးကတော့ အရမ်းကို စိတ်ထားဖြူစင်တာ။

"ဇေကန်ရေ... မင်းဆီဖုန်းလာတယ်"

"ဗျာ... ဟုတ်"

မလာစဖူး အလာထူးလို့ ဆေးလက်စ ပန်းကန်ကို ရေဇလုံထဲပြန်ပစ်ချပြီး ဖုန်းဆီသို့ အပြေးအလွှားသွားနားထောင်တော့ ဖုန်းဆက်တာ ရတ

။

“ပြော… ရတ။ ဘာကိတ်”

“ဟော့ကောင်… မင်းအခုချက်ချင်း ကျောင်းကို အမြန်ဆုံးလာခဲ့ချည်။ ဒီမှာ အရမ်းထူးဆန်းတာတွေဖြစ်နေတယ်”

“ဘာလဲကွ… ထူးဆန်းတာဆိုတာ”

“သိချင်ရင် ချက်ချင်းလာခဲ့ကွာ”

“ဂွက်…”

ရတဖက်က ဖုန်းချသွားပြီ။

ရတပြောတဲ့ ထူးဆန်းတယ်ဆိုတာကိုလည်း ကျွန်တော် အရမ်းသိချင်သွားတယ်။

ရတက ကျွန်တော့်လို ရွှတ်နောက်နောက်ကောင် မဟုတ်ဘူး ။ အနေအရမ်းတည်တာ။ စကားပြောရင်လည်း ဖြစ်သလိုမပြောတတ်ဘူး။

သေချာစဉ်းစားပြီးမှ ပြောလေ့ရှိတာ။

အခု တကယ်ထူးဆန်းလို့ သာ ရတ တကူးတက ဖုန်းဆက်ပြီးခေါ်တာဖြစ်ရမယ်ဆိုတဲ့ အတွေးနဲ့ ဆိုင်က ပန်းကန်တွေကို ဒီအတိုင်းထားခဲ့လိုက်တယ်။

“ဒေါ်လေး… ကျွန်တော် အရေးကြီးလို့ ကျောင်းကို အခုချက်ချင်းသွားရမယ်။ ဦးလေးပေါက်ဖော်ကိုကြည့်ပြောပေးပါနော်”

ဆိုင်က မထွက်ခင် ခပ်သွက်သွက်အော်ပြောရင်း ဆိုင်နောက်မှာ ထိုးထားတဲ့ စက်ဘီးလေးကို ဆွဲနင်းခဲ့လိုက်တယ်။

*

ကျွန်တော်တို့ ဟသ်ာတမြို့လေးက နည်းနည်းကျဉ်းတော့ ကျွန်တော့် အတွက် စက်ဘီးတစ်စီးရှိနေတာ အရမ်းအဆင်ပြေတယ်။

ဘယ်ကိုပဲသွားသွား စီးတော်စက်ဘီးလေးနဲ့ ပေါ့။

ကျွန်တော်တို့ တက်နေတဲ့ ကျောင်းကို ထ(၁)လို့ အလွယ်ခေါ်ကြတယ်။ ထောင်ကြီးရှေ့က ကျောင်းလို့ လည်း ခေါ်ကြတယ်။

ကျောင်းသား/သူတော်တော်များများက စက်ဘီးတွေနဲ့ လာတက်လေ့ရှိလို့ ကျောင်းဝန်းထဲမှာ ကိုက စက်ဘီးရပ်ဖို့ နေရာလုပ်ပေးထားတာ တော်တော်ကျယ်တယ်။

မြို့ကကျဉ်းတော့ ကျွန်တော့်ကို မော်တော်ပီကယ်တွေက မျက်မှန်းတန်းမိနေပြီ။

တစ်ခါတစ်လေ အလျှင်လိုလို့ လမ်းပြောင်းပြန်မောင်းနင်းမိလည်း “မင်းနော်… ကျပ်ကျပ်သတိထား”ဆိုပြီး လက်ညှိုးထောင် ကြိမ်းမောင်းရုံမှ အပ တခြားပြင်းပြင်းထန်ထန်တော့ အရေးမယူ။ ဒဏ်ငွေလည်း တပ်တယ်ဆိုတာမရှိ။

ဒီလိုနဲ့ ကျွန်တော် အားကာတန်းကိုဖြတ်နင်းပြီး ညာကွေ့လိုက်တော့ ကျောင်းဆီကိုရောက်လာတယ်။

တံခါးမကြီးဖွင့်ထားတော့ ကျောင်းဝန်းထဲအထိ စက်ဘီးကိုနင်းဝင်ခဲ့လိုက်ရင်း ရတကို လိုက်ရှာမိတော့… ရှစ်တန်း (C) ခန်းရဲ့ ပြတင်းပေါက်ဘောင်မှာ ထိုင်နေတဲ့ ရတကိုတွေ့လိုက်ရတယ်။

ကျွန်တော်တို့ ကျောင်းဆောင်က ဆရာကြီးရုံးခန်းရဲ့ မျက်နှာချင်းဆိုင်မှာ ရှိတာ။

အပေါ်ထပ်မှာ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း။ အောက်ထပ်မှာ

တော့ ငါးတန်းကနေ ခုနစ်တန်းအထိထိုင်ကြရတာ။

ကျွန်တော် ရုတရှိနေတဲ့ ရှစ်တန်း (C) ဆီသို့ ခပ်သွက်သွက်ပြေးတက်သွားလိုက်တယ်။

"ရုတ..."

"ဟာ... မင်းရောက်လာတာ မြန်လိုက်တာ"

"အေးလေ... မင်းပဲ လာဆို..."

"အေး... ဒါဆို ဒီမှာ လာကြည့်ကြည့်"

ရုတ ပြတင်းပေါက်ဖက်ပြန်လှည့်သွားတော့ ကျွန်တော်လည်း သူဘာကြည့်နေတယ်ဆိုတာ သိချင်စိတ်နဲ့ သွားကြည့်လိုက်မိတာပေါ့။

ဒိုင်နိုဆောများ ဖြစ်မလား၊ မိကျောင်းကြီးများဖြစ်လေမလားပေါ့။

ဒါပေမဲ့... ကျောင်းအုပ်ကြီးရုံးခန်းထဲမှ ဗိုက်ရွှဲရွှဲနဲ့ ကျောင်းအုပ်ကြီးဦးအေးဝင်းကလွဲပြီး ကျောဖက်ကိုသာမြင်ရတဲ့ ကောင်မလေးတစ်ယောက်ကိုပဲ တွေ့လိုက်ရတယ်လေ။

ကောင်မလေးက ကျွန်တော်တို့ ဖက်ကို မျက်နှာလှည့်ထားပေမယ့် အပေါ်ထပ်နဲ့ အောက်ထပ်ဆိုတော့ သူ့မျက်နှာကို သေချာမမြင်ရဘူး။

"ဘယ်သူလဲကွ... ငါ သေချာမမြင်ရဘူး"

"သူက ငါတို့ ကျောင်းကို ပြောင်းလာမယ့်ကျောင်းသူအသစ်။ နာမည်က လှိုင်းတဲ့ ..."

"ဆယ်တန်းပဲလား"

"ဒါပေါ့"

ကျွန်တော်ပြတင်းပေါက်နားကခွာလိုက်ပြီး အမောပြေစားပွဲတစ်လုံးပေါ်တက်ထိုင်လိုက်ပေမဲ့ ရုတကတော့ ပြတင်းပေါက်ကနေ သူမကို ငေးကြည့် နေတုန်း။

"အင်း... ဆယ်တန်းနှစ်လယ်ကြီး ပြောင်းလာတယ်ဆိုတာ တော်တော်နည်းတယ်နော်။ ဆရာကြီးက လက်ခံလိုက်လား"

"သူက ရန်ကုန်ကပြောင်းလာတာလေ။ အဲဒါကြောင့် ဆရာကြီးက လက်ခံလိုက်တာ"

"မင်းက သိလှချည်လား ရုတရ"

"အခုနလေးတင် ငါ သူ့ကို ကျောင်းထဲပတ်ပြီး ဘယ်အဆောင်ကဘာဆိုတာ လိုက်ပြရင်းနဲ့ လေ"

"အေးပေါ့... မင်းက အတန်းခေါင်းဆောင်ပဲဥစ္စာ။ ဒါက မင်းတာဝန်လေ"

ကျွန်တော့်ကိုသာ စကားတွေပြန်ပြောနေတာ။ ရုတရဲ့ အကြည့်တွေကတော့ သူမဆီကနေ တဖဝါးမှ မရွှေ့ခဲ့ဘူး။

အရင်တုန်းက မိန်းကလေးတစ်ယောက်ကို ဒီလောက်စိတ်ဝင်စားလေ့မရှိတဲ့ ရုတက သူမကိုမှ ။ သူမအကြောင်းကိုပဲ အရမ်းကိုထူးဆန်းတယ်လို့ လည်း ခေါင်းစဉ်တပ်ခဲ့သေးတယ်လေ။

"ရုတ... မင်း အဲဒီကောင်မလေးကို ကြိုက်နေလား"

"မင်းကလည်း ငါတင်မကဘူး။ ဘယ်သူမဆို ကြိုက်မှာ ပဲလေ။ သူ့ပုံစံကိုကြည့်ပါလား။ မျက်နှာလေးက အေးချမ်းပေမဲ့ ဆွဲဆောင်မှုက အပြည့်ပဲ"

"တကယ်...?"

ရုတ အမှတ်တွေပေးနေလွန်းလို့ ကျွန်တော်ပါ စိတ်ဝင်တစားနဲ့ ပြတင်းပေါက်နားကိုပြန်ရောက်သွားပြီး လှမ်းကြည့်လိုက်မိတယ်။

ဒါပေမဲ့... သူမက အခုဆို ဆရာကြီးနဲ့ စကားပြောရင်း ကျွန်တော်တို့ဖက်ကို ကျောတောင်ခိုင်းလိုက်ပြီ။

ဒီတော့... မျက်နှာလေးက အေးချမ်းပြီး ဆွဲဆောင်မှုရှိတယ်ဆိုတဲ့ လှိုင်းရဲ့ ကျောဖက်ကိုပဲ ကျွန်တော်လှမ်းမြင်ခဲ့ရတယ်လေ။

"ဟေ့ကောင်... မင်းပြောသလောက် အမှတ်ပြည့်မပြည့်ဆိုတာ ငါမပြောနိုင်ဘူးနော်။ သူ့ကျောဖက်ပဲမြင်ရတယ်။ ပိုသေချာအောင် ငါတို့အောက်ဆင်းပြီး သွားကြည့်ကြမလား"

"အေးလေ... မင်းသွားချင်တယ်ဆိုလည်း သွားကြတာပေ့ါ။ ဆရာကြီးရှေ့ရောက်ရင်တော့ မင်းမေးစရာတစ်ခုခုရှိလို့ လာတယ်ဆိုပြီး အကြောင်းပြမှ ကောင်းမှာ နော်။ ကျောင်းကိုလာဖို့ ခေါ်ထားတာ ငါ့ကိုလေ။ မင်းမှ မပါတာ..."

"ဟာကွာ... မေးရမှာ ခေါင်းရှုတ်ပါတယ်။ နောက်ပြီး ဒီနေ့လို ကျောင်းပိတ်ရက်ဆို ငါပေါက်ဖော်ကြီးဆိုင်မှာ အလုပ်လုပ်နေတယ်ဆိုတာ ဆရာကြီးလည်း သိတယ်ကွ။ အလုပ်တန်းလန်းနဲ့ စာအကြောင်းလာမေးတယ်ဆိုတော့... ပုံမှန် မဟုတ်ဘူး ဆိုတာ ဆရာကြီးရိပ်မိမှာ ကွ"

ကျွန်တော်ပြောလည်း ပြော။ ဆိုင်ဆီသို့ပြန်ဖို့ လည်း ဆုံးဖြတ်လိုက်တယ်လေ။

လှိုင်းဆိုတဲ့ မိန်းကလေးက ကျွန်တော့်အဖို့ ဘာမှ မဟုတ်သေးတာ။

"ဘာလဲ... ဧကန်။ သီတင်းကျွတ်ကျောင်းပိတ်ရက်ထွက်မယ့်ခရီးကို

ဆရာကြီးဖျက်ခဲ့တဲ့ ကိစ္စအတွက် မင်းစိတ်ဆိုးတုန်းပဲလား”

“သူတို့ အကြောင်းမဲ့ ခရီးကို ဖျက်ပစ်လိုက်ကြတာကို ငါမကျေနပ်တာကွ။ ပြောထားတုန်းကတော့ ချောင်းသာကို လိုက်ပို့ပေးမယ်တဲ့ ။ တကယ်လည်း နီးလာရော... မင်းလည်း သိပါတယ် အဲဒီကိစ္စကို။ ငါတို့ စိတ်ဆိုးမယ်ဆိုလည်း ဆိုးချင်စရာပဲလေကွာ”

ပြောပြီးတာနဲ့ ကျွန်တော် အတန်းထဲက ပြေးထွက်ခဲ့လိုက်မိတယ်လေ။

*